

# Factsheet I
## December 2020

Bago Waste project
for a clean environment

### စီမံကိန်းကဏ္ဍ

ပဲခူးမြို့၏ စွန့်ပစ်ပစ္စည်းစီမံကိန်းလုပ်ငန်း (၂၀၂၀-၂၀၂၂)သည်မြန်မာနိုင်ငံရှိ ပြည်တွင်းနှင့်အသေးစား စက်မှုအရင်း အမြစ်လုပ်ငန်းများမှ စွန့်ပစ်ပစ္စည်း ( ပလတ်စတစ် ) များ ညစ်ညမ်းမှုကိုကိုင်တွယ် ဖြေရှင်းမှု စွမ်းရည်များမြင့်တင်ရန် ရည်ရွယ်ပါသည်။ ယင်းသည် မြန်မာ - နော်ဝေ သဘာဝပတ်ဝန်းကျင် ဆိုင်ရာအစီအစဉ် ( ၂၀၁၉-၂၀၂၃ ) နှင့် ဆက်စပ်နေသည်။

အဆိုပါ စီမံကိန်းကို NIVA မှ ဦးဆောင်ပြီး ရန်ကုန်ရှိ နော်ဝေသံရုံးမှ ငွေကြေးထောက်ပံ့ပေးပါသည်။ မိတ်ဖက်များ အနေဖြင့် MONRFEC၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊BCDC၊ ပဲခူးမြို့စည်ပင်ဌာန ၊ MJT အမှိုက်သိမ်းဝန်ဆောင်မှုလုပ်ငန်းနှင့် “အားလုံးအတွက်တရားမျှတမှု”ဥပဒေအဖွဲ့များ ပါဝင်ပါ သည်။

## CONTACT US


Project lead
Dr. Hans Nicolai Adam, NIVA
Email: hans.adam@niva.no

Dr.Ingrid Nesheim, NIVA
Email: ingrid.nesheim@niva.no
Project co-ordinater, Norway-Myanmar Environmental Programed II


### ဘုရားဈေးဧရိယာ၊ ပဲခူးမြို့

ပဲခူးမြို့ရှိဘုရားဈေးတွင် အမှိုက်နှင့်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအခြေအနေ တိုးတက်ကောင်းမွန်စေရန် ၂၀၂၀ခုနှစ်နိုဝင် ဘာလတွင် စတင်လုပ်ဆောင်ခဲ့ပါသည်။ ၄င်းသည်ရွှေမော်ဓောစေတီအနီး အချက်အချာကျစွာတည်ရှိပြီး ဈေးသည်များ၊ဈေးဆိုင်ခန်းပိုင်ရှင်၅၀၀ခန့်ရှိကာကြီးမားသောပြည်သူ့ဈေးတစ်ခုဖြစ်သည်။ထိုဈေးသို့လူအများအပြား နေ့စဉ် လာရောက်ဝယ်ယူကြသည်။အကြံပေးအဖွဲ့ဖြစ်သော ပဲခူးမြို့စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးအဖွဲ့ နှင့် ဆွေးနွေး တိုင်ပင် ပြီးနောက် ဤ ဈေးတွင်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် ရှေ့ပြေးအနေဖြင့် စံပြနေရာတစ်ခု တည်ဆောက်ရန် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ပါသည်။

## စီမံကိန်းအစီအစဉ်နှင့်ချိတ်ဆက်ဆောင်ရွက်မှု



ဈေးစီမံခန့်ခွဲရေးအဖွဲ့ နှင့် စည်ပင်သာယာရေးအဖွဲ့ အပါအဝင် သက်ဆိုင်ရာအာဏာပိုင်များ နှင့် အစိုးရအဖွဲ့မဟုတ်သော ပါသင့်ပါထိုက်သူများသည် စွန့်ပစ်ပစ္စည်းများအခြေအနေကို တိုင်ပင်ပြီး အကဲဖြတ်ရန်အတွက် အဖွဲ့ငယ်တစ်ခုကိုဖွဲ့စည်းခဲ့သည်။ နောက်ပိုင်းတွင် လက်တွေ့ပြောင်းလဲမှု အတွက် ကိစ္စရပ်များနှင့် အခွင့်အလမ်းများကို ဖော်ထုတ်ပြီး လုပ်ဆောင်ချက်များကို စီစဉ်ဆောင်ရွက်ခဲ့သည်။

## လုပ်ဆောင်ချက်များနှင့်အခြေခံလိုအပ်ချက်ထောက်ပံ့ပေးမှုများ








စီမံကိန်းရေးဆွဲခြင်းအဆင့်အပြီးတွင် လုပ်ဆောင်ချက်များနှင့်စပ်လျဉ်း၍ ဈေးဆိုင်ပိုင်ရှင်များ၊ ဈေးနှင့် သက်ဆိုင်သောလုပ်ငန်းရှင်များကို လက်ကမ်းကြော်ငြာများ ဝေခြင်းနှင့်လှုပ်ရှားမှုများအကြောင်း တိုက်ရိုက်တွေ့ဆုံရှင်းလင်းခြင်းအားဖြင့် စွန့်ပစ်ပစ္စည်းများအကြောင်းကိုအသိပေးခဲ့သည်။ ပြန်လည်ဆွေးနွေးတင်ပြမှု၊ အကြံပြုချက်များကိုလည်း ဖိတ်ခေါ် ဆွေးနွေးခဲ့သည်။ ထို့နောက် ဘုရားဈေးနယ်ပယ်ကိုလည်း သန့်ရှင်းပေးခဲ့သည်။ ယခင်အမှိုက်ပုံမြေသားနေရာတွင် ကွန်ကရစ်ခင်းပေးကာရေနုတ်မြောင်းစနစ်လည်းတည်ဆောက်ပေးပြီး အမှိုက်သရိုက်များစွန့်ပစ်ရန်နောက်တွဲယာဉ်Trailer ထားရှိပေးခဲ့သည်။။ စွန့်ပစ်ပစ္စည်းများကို ဤနောက်တွဲယာဉ်မှ အပတ်စဉ်ဒုတိယနေ့တိုင်း သိမ်းဆည်းပေးသည်။ အမှိုက်အိတ်များနှင့် အမှိုက်ပုံးများကဲ့သို့သောလိုအပ်သည့်ပစ္စည်းများနှင့် ထောက်ပံ့ပေးစရာများကို ဈေးဆိုင်များအားလိုအပ်ချက်များနှင့်အညီဖြန့်ဝေပေးခဲ့သည်။

## လက်တွေ့တွင်ပြောင်းလဲလာမှု







ဈေးအားပုံမှန် စောင့်ကြည့်လေ့လာခြင်း၊ဈေးဆိုင်ပိုင်ရှင်များ၏ပူးပေါင်းပါဝင်မှု၊အမှိုက်နှင့်ပတ်သက်သောအသိပညာမြင့်တင်ရေးလှုပ်ရှားမှုများ၊ အော်ဂဲနစ်အမှိုက်များနှင့် အခြားသောစွန့်ပစ်ပစ္စည်းများကို သိမ်းဆည်းပေးခြင်းသည် စံပြဧရိယာ၏ရေရှည်တည်တံ့မှုကိုဖြစ်စေသည်။ စနစ်တကျစွန့်ပစ်ခြင်းနှင့် ရေနုတ်မြောင်းများ ကောင်းမွန်စွာရှိခြင်းသည်လည်း ရေကြီးမှုကိုလျော့နည်းစေသည်။ ပဲခူးစွန့်ပစ်ပစ္စည်းဆိုင်ရာစီမံကိန်းသည် အနာဂတ်ကာလတွင် ဘုရားဈေးနှင့်ပူးပေါင်း၍ သုတေသနပြုလုပ်ဆောင်ရွက်သွားနိုင်ပြီး စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု တိုးတက်စေရန်နှင့် ပလတ်စတ်စတစ်ညစ်ညမ်းမှုကို လျှော့ချရန် ဆန်းသစ်သော နည်းလမ်းများဖြင့် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

Norwegian Embassy

NIVA Norwegian Institute for Water Research

MJT GROUP OF AGRICULTURAL MACHINERY CO.,LTD